ပြည်စိုးအောင်ကျေးရွာ

လက်ပန်လှကျေးရွာအုပ်စု

စဉ့်ကူးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပြည်စိုးအောင်ကျေးရွာ၊ စဉ့်ကူးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာ လ

မာတိကာ

မာတိကာ ၂

၁. စဉ့်ကူးမြို့နယ်၊ လက်ပန်လှအုပ်စု၊ပြည်စိုးအောင်ကျေးရွာ၏ သယံဇာတပြမြေပုံ ၃

၂. စဉ့်ကူးမြို့နယ်၊ လက်ပန်လှအုပ်စု၊ပြည်စိုးအောင်ကျေးရွာ၏ **ရာသီခွင်ပြ ပြက္ခဒိန်** ၄

၃. စဉ့်ကူးမြို့နယ်၊ လက်ပန်လှအုပ်စု၊ပြည်စိုးအောင်ကျေးရွာ၏ **ကျေးရွာတွင်း၊ရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ** ၅

၄. စဉ့်ကူးမြို့နယ်၊ လက်ပန်လှအုပ်စု၊ပြည်စိုးအောင်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီ အနေအထား ၆

၄.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၆

၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၇

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၈

၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၉

၄.စ။ ပညာရေး ၁၀

၄.ဆ။ ကျန်းမာရေး ၁၁

၄.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၂


၄.ဈ။ ကျား – မ ရေးရာ ၁၄

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၅


နောက်ဆက်တွဲများ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၆
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ ၁၈
- နောက်ဆက်တွဲ ၃ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား ၇၇


၁. စဉ့်ကူးမြို့နယ်၊ လက်ပန်လှအုပ်စု၊ပြည်စိုးအောင်ကျေးရွာ၏ သယ်ဇာတပြမြေပုံ



၂. စဉ့်ကူးမြို့နယ်၊ လက်ပန်လှအုပ်စု၊ပြည်စိုးအောင်ကျေးရွာ၏ ရာသီခွင်ပြ ပြကွဒိန်



၃. စဉ်ကူးမြို့နယ်၊ လက်ပန်လှအုပ်စု၊ပြည်စိုးအောင်ကျေးရွာ၏ ကျေးရွာတွင်း၊ရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ



၄. စဉ့်ကူးမြို့နယ်၊ လက်ပန်လှကျေးရွာအုပ်စု၊ပြည်စိုးအောင်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီအနေအထား

ပြည်စိုးအောင်ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး ၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်တွင် ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီး မန္တလေး-မိုးကုတ်ကားလမ်းပေါ်တွင်တည်ရှိပြီး၊ စဉ့်ကူးမြို့၏ အရှေ့တောင်ဘက်(၆)မိုင်ခန့်တွင်တည်ရှိပါသည်။ကျေးရွာ၏အနောက်ဘက်တွင်ရွာသစ်ကလေး ကျေးရွာနှင့်နယ်နိမိတ်ချင်းနီးကပ်လျှက်ရှိသည်။ ပြည်စိုးအောင်ကျေးရွာ၏အကျယ်အဝန်းမှာ(၉၀)စတုရန်းခန့် ကျယ်ဝန်းပြီး အနီးဆုံးမြို့မှာ စဉ့်ကူးမြို့ဖြစ်ပါသည်။ရွာ၏မြောက်ဘက်(၁)မိုင်ခန့်တွင် လက်ပန်လှ ကျေးရွာ၊ အရှေ့ဘက်(၁) မိုင်ခန့်အကွာတွင် မိုးကောင်းကြီးကျေးရွာ၊ တောင်ဘက်(၁)မိုင်ခန့် အကွာတွင် ရွာတော်လေးကျေးရွာတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်၍ ရာသီမရွေးသွားလာရန် အခက်အခဲရှိပါသည်။ ပြည်စိုးအောင်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းကို အဓိကလုပ်ကိုင်သော ကျေးရွာတစ်ရွာဖြစ်ပြီး ကျေးရွာပတ်ဝန်းကျင်ရှိ လယ်မြေ၊ ယာမြေများမှာ အမြဲတမ်းစိမ်းလန်းစိုပြေ၍ သာယာလှပသော ကျေးရွာတစ်ရွာ ဖြစ်သည်။

၄.ခ။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ပြည်စိုးအောင် ကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သာမန်အားဖြင့် နွေရာသီတွင် အပူချိန် ၃၅°C အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၃၂°C ရှိတက်ပါသည်။ မိုးရာသီတွင် တစ်ခါတရံ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ၊ တစ်ခါတရံ မိုးခေါင်ခြင်း ကြောင့် ရာသီဥတုမှန်ကန်ခြင်းမရှိပါ။ စိုက်ပျိုးရေရရှိရေးအတွက်ဆည်ရေ/ မြေအောက်ရေအရင်းအမြစ်များမှ စက်ရေတွင်း များဖြင့် စိုက်ပျိုးရေကို သုံးစွဲကြပါသည်။လယ်မြေ (၂၈၇) ဧက နှင့် ယာမြေ (၂၅၈) ဧကရှိသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့်မြေများကို စပါး၊ ပဲ သီးနှံတို့ကို အဓိကထား စိုက်ပျိုးကြသည်။

၄.၈။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ပြည်စိုးအောင် ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၃)ဖွဲ့ရှိသည်။ ၄င်းအဖွဲ့အစည်းများသည် ၄င်းတို့၏ အခန်းကဏ္ဍအလိုက် သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ ကျေးရွာရှိ အဆို ပါ အဖွဲ့အစည်းများမှာ အပြန်အလှန်ယုံကြည်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိကြသည်။ တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊အဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့်ပတ်သက်၍ အားနည်း ကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံ အုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန် လာနိုင်ပါသည်။

ပြည်စိုးအောင် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိ ရပ်ဖ များ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးပါင်းညှိနှိုင်း၍ ဘာသာရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ တွင် သာသနာ့အကျိုးတော်ဆောင်များဖြစ်သော ဂေါပကလူကြီးများ အဖွဲ့ဖွဲ့စည်းပေး၍ ဘာသာရေး လုပ်ငန်းများတွင် စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ပညာရေးဆိုင်ရာ လုပ်ငန်းများတွင် စာသင်ကျောင်း၏ အကျိုးတော် ဆောင်ကော်မတီများဖွဲ့စည်း၍ စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်း များတွင် ကူညီဆောင်ရွက်ပေးနိုင် ရန်အတွက် သုခပရိယေတန နာရေးလူမှုကူညီရေးအသင်း ဖွဲ့စည်း၍ စီမံ ဆောင်ရွက်စေခြင်းများကို အဖွဲ့အစည်းလိုက် တာဝန်ပေးအပ်၍ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

၄.၉။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ပြည်စိုးအောင်ကျေးရွာ၏အဓိကစီးပွားရေးလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းနှင့်အရောင်းအဝယ် လုပ်ငန်းဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်သူများဖြစ်ကြပြီး အခြား စီးပွားရေးအဖြစ် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်း ကိုလုပ်ကိုင်ကြသော တောင်သူများအနေဖြင့် ရာသီဥတု၊ စိုက်ပျိုးရေကောင်းစွာရရှိပြီး သီးနှံထွက်နှုန်း ကောင်းမွန်၍

ဈေးကွက်ကောင်းမွန်လျှင် အကျိုးအမြတ်များစွာရရှိပြီး ရာသီဥတုဖောက်ပြန်ပြီး စိုက်ပျိုးရေးမမှန်ပါက သီးနှံထွက်နှုန်းမကောင်း၍ အကျိုးအမြတ်နည်းခြင်း၊ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရတက်ပါသည်။

ပြည်စိုးအောင်ကျေးရွာတွင် ဥစ္စာဓနအဆင့်ကို အဆင့် ၄ ဆင့်ဖြင့်ခွဲခြားထားပါသည်။ အထက်ပါ ဥစ္စာ ဓန အဆင့် အခြေအနေအရ ချမ်းသာသောမိသားစုမှာ ကျေးရွာအိမ်ထောင်စု၏ (၁၃%) ဖြင့် အနည်းဆုံး ဖြစ်သည်ကို တွေ့ရှိရပြီး အဆင်ပြေသော အိမ်ထောင်စု (၁၅၀) ဦးနှင့်အိမ်ထောင်စုပေါင်း၏ (၂၅%)) ရှိပါ သည်။ ဆင်းရဲသားမိသားစုမှာ (၁၅၀) ဦး (၂၅.၉%) ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲသော အိမ်ထောင်စုနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုပေါင်းသည် ၆၀%ဖြစ်နေသောကြောင့် ကျေးရွာ အိမ်ထောင် စု ၏ သုံးချိုးတစ်ချိုးနီးပါး ဖြစ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။

၄.၈။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ (လမ်းတံတား၊ အခြားအခြေခံအဆောက်အဦများ၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

ပြည်စိုးအောင် ကျေးရွာတွင် အခြေခံအဆောက်အဦများအနေဖြင့် အုပ်ချုပ်ရေးမှူးရုံး၊ ကျေးလက် ကျန်းမာရေး ဌာနနှင့် အခြေခံပညာအလယ်တန်းကျောင်းရှိပါသည်။ ပြည်စိုးအောင် ကျေးရွာ၏ ရွာတွင်းလမ်း များသည် မြေသားလမ်းဖြစ်ပြီးမိုးရာသီတွင် ရေအိုင်ခြင်း၊ ဗွက်ထခြင်း၊ ဆိုင်ကယ်၊ ကားများ လမ်းချော် ခြင်း များဖြစ်ပေါ်သောကြောင့် အဆင့်မြှင့်တင်ဖို့ရန်လိုအပ်သည်။ လျှပ်စစ်မီးလင်းရေးအခြေအနေမှာ စုစုပေါင်းအိမ်ထောင်စု ၏ ၉၇%သည် မဟာဓါတ်အားလိုင်းကို အသုံးပြုနေကြပါသည်။ တစ်ချို့ အိမ်ထောင်စုများဖြစ်သော ၁၄ အိမ် (စုပေါင်းအိမ်ထောင်စု၏ ၂.၄) ခန့် သည် မဟာဓါတ်အားလိုင်း သုံးစွဲနိုင်ခြင်း မရှိသေးပါ။ အခြားသော သယ်ယူပို့ဆောင်ရေး ယာဉ်များကို ဇယားတွင်ဖော်ပြထားပါသည်။ စက်ဘီး(၃၈၈)စီး မှာ ရွာတွင်း နှင့် ကျောင်းသားများ ကျောင်းသွားရန်သာ အသုံးပြုကြသည်။ ဆိုင်ကယ် (၅၅၄) စီး မှာ သယ်ယူ ပို့ဆောင်ရေး ဝန်တင် အဖြစ် သုံးပြီး လုပ်ငန်းသုံးအနေဖြင့်သုံးဘီးဆိုင်ကယ်(၃)စီး၊ထော်လာကျီ(၈)စီးရှိသည်။ ကားအစီး(၁၇)စီးမှ

လုပ်ငန်းသုံးနှင့်အိမ်စီးကားများဖြစ်သည်။ ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာ တွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက်အလက် များ အတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ လျှပ်စစ်မီးရရှိသော အိမ်များမှာ တီဗွီမှ ဗဟုသုတ အစီအစဉ် များကြည့်ရှုကြသည်။

၄.စ။ ပညာရေး

ပြည်စိုးအောင်ကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်းရှိသည့်အတွက် ကျေးရွာရှိ ကလေးများ ပညာရေးကိုအလွယ်တကူသင်ကြားခွင့်ရရှိကြပါသည်။ ကျောင်းသား/ ကျောင်းသူများ မှာ လည်း အခြေခံ ပညာ အဆင့်ထိ(၅၈၄)ဦးခန့် ရှိပါသည်။ လက်ရှိစာသင်ကျောင်း၏စုစုပေါင်းကြမ်းခင်း ဧရိယာ စတုရန်းပေ(၈၈၀၈)ရှိသည်။ စာသင်ကျောင်းဆောင်၏အရည်အသွေးမှာ သင့်တင့်သည့် အနေ အထား ရှိပြီး ကျောင်းသင်ထောက်ကူပစ္စည်းများ လုံလောက်မှုမရှိပါ။ အထက်တန်းပညာသင်ကြားရန် အတွက် လက်ပန်လှအခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက် သင်ကြားနေရပါသည်။ ပညာရေး စိတ်ဝင်စားသော ကျေးရွာဖြစ်ကြောင့် လေ့လာတွေ့ရှိရပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ် လူရွယ်များအတွက် အလုပ် အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

၄.ဆ။ ကျန်းမာရေး

ပြည်စိုးအောင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဌာနခွဲရှိသည်။ကျေးရွာ၏ ကျန်းမာရေးနှင့် ပတ်သက်၍ ကူးစက်ရောဂါ ဖြစ်ပွားသူများမှာ အနည်းငယ်မျှသာရှိပြီး အများစုမှာ ကျန်းမာရေး ကောင်းမွန် ကြပါသည်။ တစ်ခါတစ်ရံ ကလေးသူငယ် များ မသန့်ရှင်းသော အစား အသောက်များကို စားသုံးမိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရာသီပေါ်တုတ်ကွေး၊ ဖျားနာဖြစ်ခြင်း၊ တို့ဖြစ်ပေါ်တက်ပါသည်။ ထိုအချိန်တွင် ကျန်းမာရေးဌာနမှ အချိန်မှီလာရောက်ကုသမှုရှိ၍ ကျန်းမာရေး ဗဟုသုတ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးလျှက် ရှိပါသည်။ရေအတွက် အဝီစိ စက်တပ်နှင့်

တုံကင်တွင်းများ ရှိသည့်အတွက် ရေအခက်အခဲမရှိပါ။ကျေးရွာအိမ်ထောင်စု အများစုမှာ ယင်လုံအိမ်သာ သုံးစွဲကြပါသည်။

၄.၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ပြည်စိုးအောင်ကျေးရွာတွင် စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ ဧရာဝတီမြစ်ရေကြီးမှု၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်ခြင်းတို့ကြောင့် လူနေအိမ်များ ပျက်စီးနိုင်ခြင်း၊ စိုက်ပျိုး သီးနှံများ၊ ပျက်စီးဆုံးရှုံးနိုင်ခြင်း၊ အစရှိသော ဘေးအန္တရာယ်များလည်း ဖြစ်ပေါ်လာနိုင်ပါသည်။

၄.၉။ ကျား - မရေးရာ

ပြည်စိုးအောင် ကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု နှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင် သော ကိန်းဂဏန်းများအရ ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသမီးများ သည် အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	စီမံချက်လုပ်ငန်းအမည်	ဦးစားပေးအဆင့်	မှတ်ချက်
၁	အခြေခံအဆောက်အဦ(ကွန်ကရစ်လမ်းခင်းရန်)	၁	
၂	အခြေခံအဆောက်အဦ(တံတားပြုလုပ်ရန်)	၃	
၃	ပညာရေး(သင်ထောက်ကူပစ္စည်းများ လိုအပ်ခြင်း)	၂	
၄	ပညာရေး(စာကြည့်တိုက်)	၄	
၅	လူငယ်နှင့်အားကစား(အကျိုးပြုသင်တန်းဖွင့်ရန်)	၅	

နောက်ဆက်တွဲ (၁)

ပြည်စိုးအောင် ကျေးရွာ၊ လက်ပန်လှ ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမြင့်သိန်း	ဦးဘတင်	၉/စကန(နိုင်)၀၃၃၇၂၇	၆၈	ဥက္ကဋ္ဌ	၀၉-၇၉၄၄၆၅၆၀၁
၂	ဦးခင်မောင်ဆွေ	ဦးတင်ဆောင်	၉/စကန(နိုင်)၀၃၂၆၂၁	၆၁	ဒု-ဥက္ကဋ္ဌ	၀၉-၇၇၀၄၀၆၀၄၉
၃	ဦးထွန်းထွန်း	ဦးခင်ဆောင်	၉/သပက(နိုင်)၀၄၃၁၅၂	၃၈	အတွင်းရေးမှူး	၀၉-၉၇၀၃၄၅၉၈၇
၄	ဦးစိန်လွင်	ဦးအောင်ဝင်း	၅/ဝလန(နိုင်)၁၁၀၈၁၄	၃၅	တွဲဖက်အတွင်းရေးမှူး	၀၉-၄၀၂၇၈၉၃၈၄
၅	ဒေါ်ခင်ခင်ယု	ဦးအောင်ကွန့်	၉/စကန(နိုင်)၉၃၄၄၅၉	၄၇	စာရင်းကိုင်-၁	၀၉-၂၅၆၄၄၁၃၆၀
၆	ဒေါ်ခင်မာဝင်း	ဦးကျော်တင်	၉/စကန(နိုင်)၀၁၄၄၅၄	၄၉	စာရင်းကိုင်-၂	၀၉-၂၅၉၄၇၈၁၉၈
၇	ဦးစိန်ထွန်း	ဦးစန်းဝေ	၉/စကန(နိုင်)၀၄၁၆၂၄	၅၅	ဘဏ္ဍာရေးမှူး	၀၉-၂၆၁၀၇၀၆၆၃၃
၈	ဦးလှဆွေ	ဦးတင်ဝင်း	၉/စကန(နိုင်)၁၅၇၇၅၃	၅၉	သော့ကိုင်-၁	၀၉-၇၇၅၅၃၂၀၄၈၄
၉	ဒေါ်ဝင်းဌေး	ဦးပြား	၉/စကန(နိုင်)၀၃၂၄၆၁	၅၀	သော့ကိုင်-၂	၀၉-၉၇၀၃၃၅၅၂၄
၁၀	ဦးမွတ္တား	ဦးဗိုလ်လေး	၉/စကန(နိုင်)၁၂၂၃၄၇	၅၂	အဖွဲ့ဝင်	၀၉-၇၆၀၈၄၉၈၉၈
၁၁	ဦးကြည်သန်း	ဦးခင်မောင်	၉/စကန(နိုင်)၀၃၂၇၃၀	၆၁	အဖွဲ့ဝင်	၀၉-၉၇၀၀၀၇၃၆၆
၁၂	ဒေါ်အေးကလျာ	ဦးအေးကို	၉/စကန(နိုင်)၀၀၂၈၈၉	၄၂	အဖွဲ့ဝင်	၀၉-၇၈၇၃၈၀၄၈၁
၁၃	ဒေါ်တင်တင်ဝင်း	ဦးထွန်းတင်	၉/စကန(နိုင်)၀၃၆၀၉၉	၅၁	အဖွဲ့ဝင်	၀၉-၅၉၁၄၄၄၀၃၂
၁၄	ဒေါ်စန်း	ဦးတင်မောင်	၉/စကန(နိုင်)၀၁၅၈၈၈	၄၈	အဖွဲ့ဝင်	၀၉-၇၈၇၆၈၀၄၇၈

၁၅	ဒေါ်နွဲ့ကြည်	ဦးချစ်သုန်	၉/စကန(နိုင်)၀၃၅၀၀၀	၆၀	အဖွဲ့ဝင်	၀၉-၄၅၈၁၁၃၇၆

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	ရှိစို့အရွယ်	-	-	-
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၃၄	၃၅	၆၉
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၂၄	၉၉	၂၂၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၂၁	၁၂၉	၂၅၀
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၀၅၄	၁၁၃၃	၂၁၈၇
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၇၇	၈၆	၁၆၃
စုစုပေါင်း		**၁၄၁၃**	**၁၄၆၇**	**၃၀၆၉**
စုစုပေါင်း အိမ်ထောင်စု				**၅၇၉**

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၅၇၉)စု၊ယောက်ကျားလေးဦးရေ(၁၄၁၃)ဦး၊အမျိုးသမီး ဦးရေ(၁၄၆၇)ဦးနှင့် စုစုပေါင်း လူဦးရေပေါင်း (၃၀၆၉)ဦးရှိကြောင်း လေ့လာ တွေ့ရှိရပြီး အများစုမှာ ဗမာလူမျိုးအများစုနှင့် ရှမ်းလူမျိုးအနည်းငယ်နေထိုင်ကြောင်းတွေ့ရှိရပါသည်။လူငယ်အများစု ရှိသဖြင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပြီး နှစ်ပတ်လည် ဝင်ငွေရလုပ်ငန်းနည်းပါးပါသည်။အသက်မွေးဝမ်းကြောင်းလုပ်ငန်း လုပ်ကိုင်မှုများ အနည်းငယ် ရှိသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ	၂၅၈	ကောင်း	အနည်းအကျဉ်း	မြေအောက်ရေ/ဆည်ရေ
ယာမြေ	၂၈၇	ကောင်း	အနည်းအကျဉ်း	မြေအောက်ရေ/ဆည်ရေ
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်း စိုက်ခင်း				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				
သစ်တောမြေ				
စုစုပေါင်း	၅၄၅	ကောင်း	အနည်းအကျဉ်း	မြေအောက်ရေ/ဆည်ရေ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား -ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာအတွင်း လယ်ယာမြေလုပ်ကိုင်နိုင်သော ဧက(၂၅၈)နှင့်ယာမြေဧက(၂၈၇)ရှိကြောင်း တွေ့ရှိရပြီး စိုက်ပျိုးရေးကို အဓိထားလုပ်ကိုင်ကြောင်း တွေ့ရှိရပါသည်။မိုးရေနှင့်မြေအောက်ရေကို အဓိကထားအသုံးပြုကြသည်။မာလဲနတ်တောင်ဆည်ရေမှာ မြေဧကအနည်းငယ်အတွက်သာရရှိပြီး နွေစပါး၊မိုးစပါး စိုက်ပျိုးကြောင်း တွေ့ရှိရပါသည်။

(၂.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ခါတ်ငွေ့/ရေနံ)	-	-
ခါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	မရှိ	လက်လှမ်းမမီ
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	သင့်	လွယ်
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	သင့်	လွယ်
ပျမ်းမျအပူချိန် −၃၅°C	ပျမ်းမျ မိုးရေချိန် −	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျွန်တော်တို့ကျေးရွာတွင် ခါတ်သတ္တု နှင့်ပတ်သက်သော အရင်းအမြစ်များ မရှိပါ။အခြားသဘာဝအရင်းအမြစ်များ အသင့်အတင့် ရရှိနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကြယ်ပဲ၊ငွေးလှေးယားပင် စသည့် ဆေးဖက်ဝင်အပင်များစွာ ရှိကြောင်း တွေ့ရှိရပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ် ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက်
၁	သုခပရိယေ တနအဖွဲ့	၁□ ၂□ ၃☑	ပညာရေး□ငွေကြေး□ကျန်းမာရေး☑ ဘာသာရေး□စိုက်ပျိုး မွေးမြူ ရေး □သာရေး/ နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း
၂	ပြည်စိုးအောင် လူငယ်အဖွဲ့	၁□ ၂□ ၃☑	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း
၃	ဟိတေသီ ဝတ်ရွတ် အသင်း	၁□ ၂□ ၃☑	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျွန်တော်တို့ကျေးရွာတွင် ကျန်းမာရေး၊ဘာသာရေး အဖွဲ့အစည်း(၃)ဖွဲ့ ရှိပြီး အသင်းအဖွဲများ စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြ ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀ဧကနှင့်အထက်	၅ကနှင့်၁၀ဧက	၁ဧကနှင့်၅ဧကကြား	၁ဧကအထက်နှင့် မြေယာမဲ့
အိမ်အခြေအနေ	တိုက်/သွပ်မိုး	ပျဉ်ထောင်/သွပ်မိုး	ထရံကာ/သွပ်မိုး	ဝါးခင်း/သွပ်မိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ထွန်စက်၊ထယ် ထွန်စက်၊	ထယ်စက်	မြက်ရိတ်စက်	ခါး၊တံငှဲ့
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး/ ဝယ်ရောင်း	ဝယ်/ရောင်း	ကျပန်း/ စိုက်ပျိုးရေး	ကျပန်း
အိမ်ထောင်စု (၅၇၉)	၇၉ဦး	၁၅၀ဦး	၁၅၀ဦး	၂၀၀ဦး

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။
လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု အနည်းငယ်ရှိပြီး အလယ်အလတ် အိမ်ထောင်စုမှာ ရွာ၏ သုံးပုံတစ်ပုံခန့် ရှိပါသည်။မပြေလည်သောနှင့် အလွန်မပြေလည်သော အိမ်ထောင်စုမှ တစ်ဝက်ခန့် ရှိပါသည်။ မပြေလည်/အလွန်မပြေလည်သော အိမ် ထောင်စုများသည် မြေယာပိုင်ဆိုင်မှုနည်းပါးခြင်းနှင့် ကျပန်းလုပ်ကိုင်နေရပြီး နှစ်ပတ်လည်ဝင်ငွေရ သော လုပ်ငန်း ရှားပါးသဖြင့် မပြေလည်သည်က များပြားပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၂၅၀	၄၃%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ ဟတ် တာထိ)	၁၀၀	၁၇%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၁၀၀	၁၇%	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၈၀	၁၄%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	၄၉	၉%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စုစုပေါင်း	၅၇၉	၁၀၀%	

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။ ကျေးရွာတွင် မြေယာမဲ့ဦးရေ များပြား ပြီး လယ်ယာစိုက်ပျိုးလုပ်ကိုင်သူ အသင့်အတင့် ရှိပါသည်။သီးနှံထုတ်လုပ်မှု အခြေအနေ အသင့်အတင့် ရှိပါသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧက အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
မိုးစပါး	၂၅၈	တင်း	၈၀	၁၀၀	၉၀	သင့်
နွေစပါး		တင်း				
ပဲ	၂၇၇	တင်း	၁၅	၃၀	၂၀	သင့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စပါးနှင့်ပဲကို စိုက်ပျိုးလုပ်ကိုင်ပြီး အကျိုးအမြတ်ရရှိမှု အသင့်အတင့် ရှိပါသည်။ စပါးစိုက်ဧကမှာ (၂၅၈)ဧက ၊ပဲစိုက်ဧကမှ (၂၇၇)ဧက ရှိပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၀၀ဦး၊တစ်နိုင်တစ်ပိုင်	၄၇၃
နို့စားနွား	၁၀၀ဦး၊တစ်နိုင်တစ်ပိုင်	၂၀၁
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်	၁၀ဦး၊တစ်နိုင်တစ်ပိုင်	၆၅
သိုး	၂ဦး၊တစ်နိုင်တစ်ပိုင်	၁၉
ဝက်	၁၀၀ဦး၊တစ်နိုင်တစ်ပိုင်	၆၁၄

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
ကြက်	၁၅၀ဦး၊တစ်နိုင်တစ်ပိုင်	၂၆၂၃
ဘဲ	၃၀ဦး၊တစ်နိုင်တစ်ပိုင်	၉၇
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ခိုင်းနွားမွေးမြူသူ အသင့်အတင့် ရှိပြီး နို့စားနွား မွေးမြူသူ အနည်းငယ် ရှိပါသည်။ ဆိတ်၊သိုး၊ဝက်၊ကြက်၊ဘဲ မွေးမြူသူများလည်း ရှိပါသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နှိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ် ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း				
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)				
၇	လက်လီ-လက်ကားရောင်းဝယ်ရေး				
၈	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး				
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း				

	(ဘဏ် ၊ ငွေချေးခြင်းလုပ်ငန်း အပါ အဝင်ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၂	ပညာရေး				
၁၃	ကျန်းမာရေး				
၁၄	လူမှုရေး လုပ်ငန်းများ				
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)				
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	လက်ပန်လှ	မန္တလေး
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင်☑၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☑ ၅၁ မှ ၁၀၀ ☐၀၀မိုင် အထက်☐
သယ်ယူပို့ဆောင်ရေးနည်းလမ်း	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာကျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာကျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနှင့်အနီးဆုံးမှာ လက်ပန်လှဈေးဖြစ်ပြီး အကြီးစားဈေးကွက်မှာ

မန္တလေးတွင် ရှိပါသည်။ကုန်စည်များကို အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

လမ်း အမျိုးအစား	**အမျိုး အစား**	**အရည်အ သွေး**	**ရာသီအလိုက် သုံးစွဲနိုင်မှု**	**လမ်းအရှည် (မိုင်)**
ရွာတွင်းလမ်း	၁☑၂□၃□ ၄□၅□	ကောင်း□ သင့်□ ညံ့☑	**ပွင့်လင်း ရာသီ□ တစ်နှစ်ပတ်လုံး☑**	**၀–၁ မိုင်☑ ၁–၅ မိုင်□ ၅–၁၀ မိုင်□ ၁၀မိုင်အထက်□**
ချဉ်းကပ်လမ်း	၁□၂□၃□ ၄□၅□	ကောင်း□ သင့်□ ညံ့□	**ပွင့်လင်း ရာသီ□ တစ်နှစ်ပတ်လုံး□**	**၀–၁ မိုင်□ ၁–၅မိုင်□ ၅–၁၀ မိုင်□ ၁၀မိုင်အထက်□**
ရွာချင်းဆက်လမ်း	၁□၂□၃□ ၄□၅☑	ကောင်း☑ သင့်□ ညံ့□	**ပွင့်လင်း ရာသီ□ တစ်နှစ်ပတ်လုံး☑**	**၀–၁ မိုင်☑ ၁–၅ မိုင်□ ၅–၁၀ မိုင်□ ၁၀မိုင်အထက်□**

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း -၃၊ကွန်ကရစ်လမ်း -၄၊ကတ္တရာလမ်း -၅ လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း ရှိ ရွာတွင်းလမ်းများမှာ မြေသားလမ်းဖြစ်၍ ပွင့်လင်းရာသီ သာအသုံးပြုနိုင်ပါသည်။ ရွာချင်းဆက်လမ်းမှာ ကတ္တရာလမ်းဖြစ်ပြီး ရာသီမရွေး သွားလာနိုင်ပါသည်။

(၅.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	**Nearest town အကွာအဝေး (မိုင်)**	**ရာသီအလိုက် သုံးစွဲနိုင်မှု**
မြစ်ကြောင်း	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □ အသုံးမပြုပါ □	ပွင့်လင်းရာသ□တစ်နှစ်ပတ်လုံး□
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင်□ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □ အသုံးမပြုပါ □	ပွင့်လင်းရာသီ□ တစ်နှစ်ပတ်လုံး□□

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ 28

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်			၃၈၈	၅၅၄	၃	၈	၁၇	၁	၅၈

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက် စက်ဘီးနှင့်ဆိုင်ကယ်ကို အသုံးပြုမှုများပြီး ကျန်ယာဉ်များကို အသုံးပြုမှု နည်းပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	၅၆၅
ဆိုလာစနစ်	၁၄
အသေးစားရေအားလျှပ်စစ်	
ဒီဇယ်သုံးအင်ဂျင်	
လေစွမ်းအင်	
ဇီဝလောင်စာ	
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	
လျှပ်စစ်မီး အသုံးမပြုနိုင်သော	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ တွင် မဟာဓါတ်အားလိုင်းအသုံးပြုမှု များပြားပြီး ဆိုလာစနစ်အသုံးပြုသော အိမ်ထောင်စု အနည်းငယ်တွေ့ရှိရပါသည်။

(၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၆၅၁	၂၂	၅၂၁

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ တွင် ဖုန်းအသုံးပြုနိုင်သူ များပြားပြီး ရေဒီယိုနှင့်တီဗွီ အသုံးပြုကာ သတင်းအ ချက်အလက် ရယူနိုင်သော အခြေအနေ အသင့်အတင့် ရှိပါသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၉၆	၈၄	၁၈၀
အလယ်တန်း	၁၃၀	၉၈	၂၂၈
အထက်တန်း	၆၆	၆၀	၁၂၆
တက္ကသိုလ်/ကောလိပ်	၂၅	၂၅	၅၀

ရင်းမြစ် ... (၁) **ကျောင်းဝင်စာရင်း၊** (၂) **ဆယ်အိမ်မှူးများ။**

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် 'ဘုန်းကြီးကျောင်းသင်ပညာရေး' ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။**ကျေးရွာတွင် အလယ်တန်းအဆင့်အထိပညာသင်ယူနိုင်ပြီးအထက်တန်းအဆင့် ပညာကိုလက်ပန်လှကျေးရွာအထက်တန်းကျောင်းနှင့်တက္ကသိုလ်ပညာသင်ရေးသင်သူများမှာမန္တလေးမြို့ ရှိ တက္ကသိုလ်အသီးသီးတွင် တက်ရောက်ပညာသင်ယူကြပါသည်။**

(၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)	(၂)	(၃)
က။ ကျောင်းအဆင့်	မူလတန်း☐ မူလွန်☐ အလယ်တန်း(ခွဲ) ☑ အလယ်တန်း☐ အထက်တန်း(ခွဲ)☐ အထက်တန်း☐	မူလတန်း☐ မူလွန်☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း☐ အထက်တန်း(ခွဲ)☐ အထက်တန်း☑	မူလတန်း☐ မူလွန်☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း☐ အထက်တန်း(ခွဲ)☐ အထက်တန်း☐
ခ။ရွာမှအကွာအဝေး(မိုင်)	၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐	၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐	၀ မှ ၁ မိုင် ☐၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐
ဂ။သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် ☑ စက်ဘီး ☑ ဆိုင်ကယ် ☐ ကား ☐	ခြေလျင် ☑ စက်ဘီး ☑ ဆိုင်ကယ် ☐ ကား ☐	ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐
ဃ။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ	၈၀၀၈		

အကြောင်းအရာ	(၁)			(၂)			(၃)		
(စတုရန်းပေ)*									
c။အမိုး၊နံရံ၊အခင်း အရည်အသွေး	ကောင်း□သင့်☑ညံ့□			ကောင်း□သင့်☑ညံ့□			ကောင်း□သင့်□ညံ့□		
စ။ကျောင်းသုံးပရိဘောဂလုံလောက်မှု	လုံလောက်မှုရှိသည်☑ မလုံလောက်ပါ □			လုံလောက်မှုရှိသည်☑ မလုံလောက်ပါ □			လုံလောက်မှုရှိသည်□ မလုံလောက်ပါ □		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း □ သင့် ☑ ညံ့ □ မရှိ □			ကောင်း □ သင့် ☑ ညံ့ □ မရှိ □			ကောင်း □ သင့် □ ညံ့ □ မရှိ □		
ဈ။ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည် ☑ တိုက်ကျွေးမှု မရှိပါ □			တိုက်ကျွေးမှုရှိသည် ☑ တိုက်ကျွေးမှု မရှိပါ □			တိုက်ကျွေးမှုရှိသည် ☑ တိုက်ကျွေးမှု မရှိပါ □		
ဇ။ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်	၂	၁၅	၁၆						
ကျေးရွာခန့်									

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စာသင်ကြားမှုမှာ အလယ်တန်းကျောင်းဖြစ်ပြီးသင်ထောက်ကူ ပစ္စည်းမပြည့်စုံပါ။ ကျောင်းအတွင်းရှိပညာသင်ကြားသူဆရာ/ဆရာမဦးရေ(၁၆)အထွေထွေလုပ်သား(၁) ဦးရှိပါသည်။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

#	*ရောဂါ*	*ပျံနှံမှု/ဖြစ်ပွားမှု*		
၁	ဝမ်းပျက်ဝမ်းလျှောက	*မြင့်*□	*နိမ့်*☑	*မရှိ*□
၂	သွေးလွန်တုပ်ကွေး	*မြင့်*□	*နိမ့်*☑	*မရှိ*□
၃	ငှက်ဖျား	*မြင့်*□	*နိမ့်*☑	*မရှိ*□
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	*မြင့်*□	*နိမ့်*☑	*မရှိ*□
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	*မြင့်*□	*နိမ့်*☑	*မရှိ*□
၆	တီဘီ	*မြင့်*□	*နိမ့်*☑	*မရှိ*□
၇	ဆီးချို	*မြင့်*□	*နိမ့်*☑	*မရှိ*□
၈	သွေးတိုး	*မြင့်*□	*နိမ့်*☑	*မရှိ*□
၉	အသည်းရောဂါ (ဘီ၊ စီ)	*မြင့်*□	*နိမ့်*☑	*မရှိ*□
၁၀	အာဟာရ ချို့တဲ့မှု	*မြင့်*□	*နိမ့်*☑	*မရှိ*□
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	*မြင့်*□	*နိမ့်*☑	*မရှိ*□

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်ကူးစက်ရောဂါဖြစ်ပွားမှုအလွန်နည်းပါးပါသည်။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ	ℜ	
၂	ဆုံဆို့၊ ကြွက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	ℜ	
၃	ပိုလီယိုရောဂါ	ℜ	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	ℜ	
၅	ဝက်သက်ရောဂါ	ℜ	
၆	အခြား စုပေါင်း**ကာကွယ်ဆေးထိုးနှုံမှု**	ℜ	
၇	အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	ℜ	
၈	အာဟာရပညာပေး အစီအစဉ်	ℜ	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ကျေးရွာ၏ လက်ရှိအခြေအနေတွင်တစ်နှစ်အောက်ကလေးငယ်များမရှိသောလည်းတစ်နှစ်အထက်ကလေးငယ်များရှိ၍ ကာကွယ်ဆေးထိုးရက်သတ္တပတ်များတွင်လာရောက်ထိုးနှံပေး ခြင်းများရှိပါသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး (မိုင်)	အခန်း/ကုတင်လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ဌာနခွဲ	၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက်☐	ရှိ ☐ မရှိ ☑
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက်☐	ရှိ ☐ မရှိ ☐
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☑၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐	ရှိ ☑ မရှိ ☐

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး (မိုင်)	အခန်း/ကုတင်လုံလောက်မှု
	၁၀ မိုင်အထက်☐	

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည်ကျေးလက်ကျန်းမာရေးဌာနနှင့် နီးကပ်စွာတည်ရှိပြီး ၊ မြို့နယ်ဆေးရုံနှင့်(၅)မိုင်ခန့်သာကွာဝေးပါသည်။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄.၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု(မိုး၊ဆောင်း၊ နွေ)
ရေတွင်း		ကောင်း☑ သင့်☐ ညံ့☐	ရာသီမရွေးလုံလောက်မှုရှိပါသည်။
အဝီစိတွင်း/ စက်တပ်		ကောင်း☐ သင့်☐ ညံ့☐	
အဝီစိတွင်း/ တုံကင်	၂၄၈	ကောင်း☑ သင့်☐ ညံ့☐	ရာသီမရွေးလုံလောက်မှုရှိပါသည်။
မိုးရေ သိုလှောင်ကန်		ကောင်း☐ သင့်☐ ညံ့☐	
မြစ်/ချောင်းရေ	၃၁၆	ကောင်း☐ သင့်☐ ညံ့☐	
ရေကန်		ကောင်း☐ သင့်☐ ညံ့☐	
စိမ့်စမ်းရေ		ကောင်း☐ သင့်☐ ညံ့☐	

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယ်ဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် ရေလုံလောက်မှုရှိပါသည်။

(၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	
ရေလောင်း/ယင်လုံအိမ်သာ	၅၇၉
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ရေလောင်းအိမ်သာသုံးစွဲမှုရှိပါသည်။

(၈) ဘေးအန္တရယ်များ

၈ယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	
၃	ရေကြီးခြင်း	
၄	မိုးခေါင်ခြင်း	
၅	အအေးလွန်ကဲခြင်း	
၆	မုန်တိုင်း	သဘာဝဘေး
၇	ငလျင်	သဘာဝဘေး
၈	မီးဘေး	သဘာဝဘေး
၉	ဆားငန်ရေဝင်မြေ	
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	
၁၁	သစ်တောပြုန်းတီးခြင်း	
၁၂	ငှက်ဖျားရောဂါ	
၁၃	တီဘီရောဂါ	
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	
၁၅	ပြည်တွင်း ပဋိပက္ခ	
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	
၁၇	လူကုန်ကူးခြင်း	
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် သဘာဝဘေးအဖြစ် မုန်းတိုင်း၊ငလျင်၊မီးဘေးကြရောက်နိုင်ပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာအခြေအနေ	မြင့်	မြေဆီနှင့်မြေသြဇာ အလွန်အကျွံသုံးစွဲခြင်း
အပင်မျိုးစိတ်များ	လတ်	အသင့်အတင့်ရှိသည်။
ရေအရင်းအမြစ်		
ငါးမျိုးကွဲများ		
အခြားတိရစ္ဆာန်မျိုးကွဲများ		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မြေဆီမြေသြဇာအနေဖြင့် လုံလောက်မှုနည်းပါးပြီး အပင်မျိုးစိတ် အသင့်အတင့်ရှိပါသည်။

(၁၀ ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

#	*ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ*	*ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	*ရှိ*☑	*မရှိ*☐
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	*ရှိ*☑	*မရှိ*☐

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ အမျိုးသမီးများပြားပြီးအဖွဲ့အစည်းနှင့်ပူးပေါင်းဆောင်ရွက်ရာတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

စဉ်ကူးမြို့နယ်၊ ရွှေလှေအုပ်စု၊ ရွှေလှေကျေးရွာ၏ ဖွံ့ဖြိုးရေးအထောက်အကူပြုဇယား

ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြစ်နိုင်ခြေဖြေရှင်းနည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းစဉ်များ
အခြေခံအဆောက်အဦ					
ရွာတွင်းလမ်းမကောင်းခြင်း၊	မြေသားလမ်းဖြစ်နေခြင်း၊မိုးရာသီသွားလာရန် အခက်အခဲရှိခြင်း၊လမ်းပြုပြင်ရန် ငွေကြေးမပြည့်စုံခြင်း	နဂိုလမ်းရိုးရှိနေခြင်း၊ ကျေးရွာချင်းဆက်၍ သော်လည်းကောင်း၊ ဘာသာရေး ကျောင်းများရှိ၍သော်လည်းကောင်း ရွာသူ/သားများ စိတ်ဝင်စားမှု ရှိခြင်း၊	သက်ဆိုင်ရာမှ ရွာတွင်းလမ်းဖောက်ပေးသည့် အထောက်အပံ့အားနည်းခြင်း၊အစိုးရဌာနများမှ ကျေးရွာလမ်းတံတား ဖွံ့ဖြိုးရေး စိတ်ဝင်စားမှု အားနည်းခြင်း၊	နိုင်ငံတော်မှ ရွာတွင်းလမ်းဖောက်ပေးမည့် အစီအစဉ် ချမှတ်ခြင်း၊	ကျေးရွာလမ်းတံတား စီမံကိန်း ရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း၊
လမ်းကြီးပေါ်တွင် ရေကျော်မှု ရှိသည်။ ချောင်းကူမြောင်းကူး သွားလာရန် ခက်ခဲခြင်း၊	ကျေးရွာအတွင်းရှိ တံတားအများစုမှာ သစ်သားတံတားဖြစ်၍ ရေရှည်မခံခြင်း၊ချောင်းရှိ သဖြင့်ကျယ်ပြောလျှင် တံတားဆောက်ရန် ခက် ခဲခြင်း၊	ချောင်းကူးလမ်းသာရှိပြီး တံတားမရှိသဖြင့် ရွာသူ/သားများ စိတ်ဝင်စားမှု ရှိခြင်း	ငွေအရင်းအနှီး မတတ်နိုင်ကြပါ။	လမ်း/တံတားဦးစီးဌာနနှင့် ချိတ်ဆက်ပေးရန်၊	ကျေးရွာလမ်းတံတား စီမံကိန်း ကွန်ကရစ် တံတား တိုးချဲ့ တည်ဆောက်ပေးရန်၊
ပညာရေး					
ကျောင်းသုံးပရိဘောဂ လုံလောက်မှုမရှိ၊ကျောင်းသင်ထောက်ကူပစ္စည်းလုံလောက်မှုမရှိ။	ကျေးရွာသူ/သားများမှာ ဆင်းရဲသောကြောင့် ဝယ်ယူနိုင်ခြင်း မရှိပါ။	ရွာသားအများစု ပညာရေးအား စိတ်ဝင်စားမှု ရှိခြင်း၊မိဘဆရာအသင်းဖွဲ့စည်းထားရှိကာ ပညာရေးဌာနနှင့်ပူးပေါင်း ပါဝင်ဆောင်ရွက်မှုရှိခြင်း၊	မိဘဆရာအသင်းနှင့် ပညာရေး ဌာနတက်ကြွစွာပါဝင်ဆောင်ရွက်သော်လည်း ငွေကြေးလုံလောက်မှု မရှိခြင်း၊ဆရာနှင့်ကျောင်းသားများအတွက် ဘက်စုံသင်ကြားမှု မရှိခြင်း၊	ပညာရေးဌာနသို့ တင်ပြခြင်းနှင့်အလှူငွေရရှိရန် ဆောင်ရွက်ခြင်း၊ပညာရေးဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊	ပညာရေးမြှင့်တင်ရေး စီမံကိန်း ကျောင်း ပရိဘောဂကျောင်းသင်ထောက်ကူပစ္စည်း

ကျောင်းစာကြည့်တိုက်မရှိ၊	စာအုပ်ပြည့်စုံမှု မရှိ၊	လေ့လာသင်ယူလိုသော ကျောင်းသားများရှိသည်။	ကျောင်းသားများအတွက် အပန်းဖြေရန် စိတ်ကြိုက် လေ့လာသင်ယူရန် အခွင့်အလမ်းနှင့် အခြေအနေမရှိခြင်း၊ သင်ကျက်စနစ် ကျင့် သုံးခြင်း၊	စာကြည့်တိုက်ရှိပါက စိတ်ဝင်စားသော ဘာသာရပ်ကို အလွယ်တကူ လေ့လာ နိုင်သည့် ပတ်ဝန်းကျင် ဖန်တီးပေးရန်၊	ပညာရေးမြှင့်တင်ခြင်း စီမံကိန်းအနေဖြင့် ကျောင်းစာကြည့်တိုက် ထူထောင်ခြင်း
လူငယ်နှင့်အားကစား					
လူငယ်များကျေးရွာဖွံ့ဖြိုးရေးတွင် ရှေ့တန်းတင်မှု ပါဝင်မှု အားနည်းသည်။ အလုပ်အကိုင်နှင့် ပတ်သက်သော အတတ်ပညာရပ်များ လိုအပ်နေသည်။	အနာဂတ်အတွက် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးမှု အရေးပါဝင်မှုကို သတိမမူမိခြင်းနှင့်အားပေးမှုနည်းခြင်း	ကျေးရွာတွင်းလူငယ်များစွာရှိပြီး ကျေးရွာဖွံ့ဖြိုးရေးကို စိတ်ဝင်စားမှုရှိသည်။	ကျေးရွာအဖွဲ့အစည်းများဖွဲ့စည်းခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးကိစ္စများ ဆုံးဖြတ်၊ဆွေးနွေးရာတွင် ပါဝင်ခွင့်မရှိခြင်း၊လူငယ်များအလုပ်အကိုင် အခွင့်အလမ်းနည်းပါးပြီး ကျေးရွာဖွံ့ဖြိုးမှု မရှိခြင်း၊	အဖွဲ့အစည်းများဖွဲ့စည်းရာတွင် လူငယ်များထည့်သွင်းဖွဲ့စည်းခြင်းနှင့်လက်တွဲပညာပေးဆောင်ရွက်ခြင်း၊ အလုပ်အကိုင်အခွင့်လမ်းများနည်းပါးမှုလျော့ချရန် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်း၊	အကျိုးပြုသင်တန်းများဖွင့်လှစ်ဆောင်ရွက်ပေးရန်၊